# ၁ဂဂ၊ သရဖူများတင်ကြကျူး

## Crown Him with many Crowns

ဗျာ ၁၉း၁၁-၁၆

သိုးသူငယ်တော် မြတ်အား၊ သရဖူ များတင်ကြ။
ပလ္လင်တော်ပေါ် စိုးစံရှင်အား၊ ကျေးဇူး ဂုဏ်တော်ချီးမွမ်း၊
နိုးလော့၊ အို ငါ့ဝိညာဉ်၊ သင့်တွက် သေခံရှင်အား၊
ကျေးဇူးတော်ကို ထောမနာ ပြု၊ ထာဝရ ချီးမွမ်းဆို။

မေတ္တာတော် ရှင်မြတ်အား၊ သရဖူများ ဆက်ကြ။
ကြည့်လော့၊ နံဘေး၊ လက်တော်ဒဏ်ရာ၊ ငါတို့အနာ ပျောက်ရ၊
ကြောက်မက်ဖွယ် ဝေဒနာ၊ ကောင်းကင်သား ထိတ်လန့်ကြ၊
နှိမ့်ချစိတ်နှင့် သည်းခံခြင်းများ၊ နက်နဲလှ မေတ္တာပေ။

ထာဝရ ဘုရင်အား၊ သရဖူများ တင်ကြ။
ဖန်ဆင်း၊ ပြုပြင်တော်မူ ရှင်အား၊ မြင့်မြတ် ဂုဏ်တော် ချီးမြှင့်။
တန်ခိုး ဘုန်းအာနုဘော်၊ နှုတ်မြွက် မမှီနိုင်လေ၊
မေတ္တာ၊ ကယ်တင်၊ သက်ရှင်ဘုရား၊ ပြောင်းလဲခြင်းနှင့် ကင်းလေ။